


# M Y A N M A R

## Shelter and Settlement Terminologies
## နေထိုင်စရာနှင့် စုစည်းနေထိုင်ရာနေရာများဆိုင်ရာ ဝေါဟာရ

June 15th, 2022

---

## Scope of the document

This document is a consolidated result of the harmonization of terminologies participative workshop. The National Cluster conducted it in April, and May 2022. Cluster members were gathered to work and agree on Shelter/CCCM terms and definitions to have clarity and use harmonized terms to avoid confusion and reduce ambiguity. This process is part of standardization and harmonization activities.

## ဤစာတမ်း၏ လွှမ်းခြုံမှု

ဤစာတမ်းမှာ ပူးပေါင်းပါဝင်ဆွေးနွေးမှုများဖြင့် ကျင်းပသည့် ‘ဝေါဟာရများ တစ်ပြေးညီစေရေး အလုပ်ရုံ ဆွေးနွေးပွဲ’ မှ ရလဒ်များကို စုစည်းထားခြင်း ဖြစ်သည်။ နိုင်ငံအဆင့် အစုအဖွဲ့သည် ၂၀၂၂ ဧပြီ နှင့် မေလ တို့တွင် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ အစုအဖွဲ့ဝင်များ အတူစုဝေးကြပြီး နေထိုင်စရာ/စခန်းညှိနှိုင်းဆောင်ရွက် မှုနှင့် စခန်းစီမံခန့်ခွဲမှု (Shelter/CCCM) ဆိုင်ရာ ဝေါဟာရများနှင့် အဓိပ္ပာယ်သတ်မှတ်ချက်များကို ရှင်းလင်းစေရန် နှင့် ရှုပ်ထွေးမှုကို ရှောင်ရှား၍ မသေချာမှုများကို လျှော့ချနိုင်ရန်အတွက် အတူလုပ်ဆောင်ကာ သဘောတူညီမှု ရယူခဲ့ကြပါသည်။ ဤလုပ်ငန်းစဉ်မှာ စံနှုန်းသတ်မှတ်ခြင်းနှင့် တစ်ပြေးညီစေခြင်းလုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။

Shelter Cluster Myanmar
ShelterCluster.org
Coordinating Humanitarian Shelter

CCCM CLUSTER
SUPPORTING DISPLACED COMMUNITIES

# Table of Contents

**Category 1: Settlement Typologies ........ 3**

1. Planned settlement အစီအစဉ်ကျ အခြေချနေထိုင်မှု
2. Unplanned settlement အစီအစဉ်တကျ မဟုတ်သော အခြေချနေထိုင်မှု
3. Collective Centre စုပေါင်းနေထိုင်ရာ နေရာ
4. Hosted arrangement အိမ်ရှင်လူထုမှ စီစဉ်ပေးခြင်း
5. Boarding schools ဘော်ဒါကျောင်း

**Category 2: Shelter Typologies ........ 4**

1. Emergency tent အရေးပေါ်တဲ
2. Makeshift shelter (MSS) ဖြစ်သလိုဆောက်လုပ်ထားသော နေထိုင်စရာ
3. Longhouse shelter (LHS) တန်းလျားရှည်
4. Semi-permanent house-shelter (SPHS) အတော်အတန် ရေရှည်တည်တံ့သော နေထိုင်စရာ
5. Permanent house-shelter (PHS) ရေရှည်တည်တံ့သော နေထိုင်စရာ

**Category 3: Shelter Response Phase ........ 8**

1. Short-term ကာလတို
2. Mid-term အလယ်အလတ်ကာလ
3. Long-term ကာလရှည်

**Category 4: Geographic context ........ 8**

1. Urban မြို့ပြ
2. Peri-urban ဆင်ခြေဖုံး
3. Rural ကျေးလက်
4. Hidden ပုန်းကွယ်နေထိုင်ရခြင်း

***Category 5: Settlement Access* ........ 9**

1. De facto authorities-controlled area အစိုးရထိန်းချုပ်မှုရှိသော နယ်မြေ
2. Non-de facto authorities controlled área အစိုးရထိန်းချုပ်မှု မရှိသော နယ်မြေ
3. Contested areas ရောထွေးနေသော နယ်မြေ

Document produced by Myanmar National Shelter/NFI/CCCM Cluster
Translation by Thwe Win

## Category 1: Settlement Typologies
## အမျိုးအစား (၁) - အခြေချနေထိုင်ရာ နေရာ အမျိုးအစားများ

| # | Settlement type<br>နေထိုင်စရာ အမျိုးအစား | Definition<br>အဓိပ္ပာယ်သတ်မှတ်ချက် |
|---|---|---|
| 1 | Planned settlement<br>အစီအစဉ်ကျ အခြေချနေထိုင်မှု | It is a settlement for displaced people established by the de facto authorities and/or an accountable humanitarian actor, where the site layout is planned to meet the minimum SPHERE standards. Normally it has a dedicated management system, where infrastructure, facilities, and services are available and monitored.<br>အစိုးရ နှင့်/သို့မဟုတ် တာဝန်ရှိသော လူသားချင်းစာနာမှုအဖွဲ့မှ နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများ အတွက် ထူထောင်ထားသည့် နေရာဖြစ်သည်။ နေရာ၏ ဖွဲ့စည်းပုံမှာ Sphere ၏ အနိမ့်ဆုံး စံနှုန်းများ ပြည့်မီအောင် အစီအစဉ်ဆွဲထားသည်။ ပုံမှန်အားဖြင့် သီးခြားစီမံခန့်ခွဲမှုစနစ်ရှိပြီး အခြေခံအဆောက်အဦ၊ ဝန်ဆောင်ပစ္စည်းများနှင့် ဝန်ဆောင်မှုတို့ ရရှိနိုင်ပြီး စောင့်ကြည့်ကြီးကြပ်မှုလည်း ရှိသည်။ |
| 2 | Unplanned settlement<br>အစီအစဉ်တကျ မဟုတ်သော အခြေချနေထိုင်မှု | Internally displaced people spontaneously and collectively self-settling in a location without a legal claim as a prior arrangement with the relevant actors such as the owner, local de facto authorities, and/or the host population, creating a new settlement. This is often without proper site planning, and basic services are initially not planned.<br>နေရပ်စွန့်ခွာလာရသူများက မိမိတို့ဘာသာ စုပေါင်း၍ နေရာတစ်ခု တည်ထောင်သည်။ သက်ဆိုင်သူများ - ဥပမာ မြေရှင်၊ ဒေသအစိုးရ နှင့်/သို့မဟုတ် နယ်ခံလူထုနှင့် ကြိုတင်စီစဉ်ခြင်း စသော တရားဝင် တောင်းဆိုမှု မရှိပါ။ အများအားဖြင့် နေရာကို စနစ်တကျ အစီအစဉ်ဆွဲခဲ့ခြင်း မရှိပါ။ အခြေခံဝန်ဆောင်မှုများကို ကနဦးက အစီအစဉ် မဆွဲခဲ့ပါ။ |
| 3 | Collective Centre<br>စုပေါင်းနေထိုင်ရာ နေရာ | Pre-existing building (school, religious building, warehouse, public building, and others) that was not built to accommodate people, but it is used by multiple households as shelter.<br>မူလက လူများနေထိုင်ရန် မရည်ရွယ်ခဲ့သော ရှိနှင့်ပြီးဖြစ်သည့် အဆောက်အဦ (စာသင်ကျောင်း၊ ဘာသာရေး အဆောက်အဦ၊ သိုလှောင်ရုံ၊ အများပြည်သူ ဆိုင်ရာနေရာ စသည်) တို့တွင် အိမ်ထောင်စု အများအပြား ဝင်ရောက်နေထိုင်ခြင်း ဖြစ်သည်။ |
| 4 | Hosted arrangement<br>အိမ်ရှင်လူထုမှ စီစဉ်ပေးခြင်း | Shelters are provided by the host community for displaced people or individual families in a village or town.<br>နေရပ်စွန့်ခွာရွှေ့ပြောင်းရသူ အများ သို့မဟုတ် အိမ်ထောင်စု တစ်ခုအား အိမ်ရှင်လူထုမှ ကျေးရွာ သို့မဟုတ် မြို့တစ်မြို့တွင် ခိုလှုံနေထိုင်စရာ စီစဉ်ပေးခြင်းဖြစ်သည်။ |
| 5 | Boarding schools<br>ဘော်ဒါကျောင်း | A school structure is used as accommodation and provision of meals to IDP children from remote settlements and, in some cases, for non-IDP children during term time. The objective is to reduce risks regarding long-distance paths every day. It is usually under a teacher's supervision, can involve costs for the parents, and is most common in Northeastern Myanmar.<br>ဝေးလံသော အခြေချနေထိုင်ရာနေရာများမှ IDP ကျောင်းသားများအတွက် နေရာထိုင်ခင်း နှင့် စားစရာ ပေးသော ကျောင်း ဖြစ်သည်။ အချို့နေရာများတွင် ကျောင်းဖွင့်ချိန်၌ IDP မဟုတ်သော ကျောင်းသားများလည်း ရှိသည်။ ရည်ရွယ်ချက်မှာ နေ့စဉ် ဝေးလံသော ခရီးကြောင့် အန္တရာယ်ဖြစ်နိုင်ခြေကို လျှော့ချရန် ဖြစ်သည်။ အများအားဖြင့် ဆရာများ၏ ကြီးကြပ်မှု အောက်တွင် ရှိပြီး မိဘများမှ ကုန်ကျစရိတ် ပေးရလေ့ရှိသည်။ မြန်မာနိုင်ငံ မြောက်ပိုင်းတွင် ပို၍ တွေ့ရှိရသည်။ |

Category 2: Shelter Typologies and Category 3: Shelter Response Phase
အမျိုးအစား (၂) - နေထိုင်စရာ အမျိုးအစားများ၊ နှင့် အမျိုးအစား (၃) - နေထိုင်စရာအတွက် တုန့်ပြန်ဆောင်ရွက်မှုအဆင့်

| Response phase and definition<br>တုန့်ပြန်မှုအဆင့်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် | | # | Shelter type and definition<br>နေထိုင်စရာနေရာ အမျိုးအစားနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် | Shelter Sub-type<br>နေထိုင်စရာ ဒုတိယအမျိုးအစား |
|---|---|---|---|---|
| ကာလတို<br>Short-term | Emergency and temporary types of shelters consist of short-term (**up to 1,5 years**) solutions with materials that are intended to be removed once the next stage of shelter solution is offered or when the crisis is over and IDPs can return to their homes. Usually, these are constructed with limited costs.<br><br>အရေးပေါ်နှင့် ယာယီ နေထိုင်စရာ အမျိုးအစားများဖြစ်၍ (တစ်နှစ်ခွဲ ခန့်အထိ) ကာလတိုအတွက် ဖြေရှင်းမှုဖြစ်ပြီး နေထိုင်စရာအတွက် နောက်တစ်ဆင့် ဖြေရှင်းမှုရပါက သို့မဟုတ် အရေးပေါ်အခြေအနေ ပြီးဆုံး၍ IDP များ နေရပ် ပြန်နိုင်ပါက ပြန်လည်ဖယ်ရှားရန် ရည်ရွယ်သည့် ပစ္စည်းများ ဖြင့် တည်ဆောက်သည်။ | 1 | **Emergency tent**: It is a prefab tent with short life span materials, usually provided by a humanitarian organization to the displaced population during the emergency response.<br><br>အရေးပေါ်တဲ - နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများအတွက် လူသားချင်း စာနာမှု ဆောင်ရွက်သူများက အများအားဖြင့် အရေးပေါ်တုန့်ပြန်မှု ပြုလုပ်ချိန်များတွင် ပေးအပ်သည်။ ကာလတိုအတွက်သာ အသုံးပြုနိုင်သည့် ပစ္စည်းများဖြင့် ပြုလုပ်ထားသော ကြိုတင်ပြုလုပ်ထားသည့် ရွက်ထည်တဲ ဖြစ်သည်။ | Varied sizes, for instance UNHCR family tent is 11`x11`<br><br>အရွယ်အစား အမျိုးမျိုး ရှိသည်။ |
| | | 2 | **Makeshift shelter (MSS):** It is a structure built with a mix of materials such as timber, timberland, bamboo, nipa palm, CGI, tarpaulin, rope, and wire, usually without internal partitions. It could have a kitchen.<br><br>ဖြစ်သလိုဆောက်လုပ်ထားသော နေထိုင်စရာ - ၎င်းတို့မှာ သစ်၊ ဝါး၊ ဓနိ၊ သွပ်၊ တာပေါ်လင်၊ ကြိုး၊ ဝါယာကြိုး စသည့် ပစ္စည်း မျိုးစုံဖြင့် ဆောက်ထားပြီး အများအားဖြင့် အခန်းကန့်ထားခြင်း မရှိပါ။ မီးဖိုဆောင် ရှိကောင်းရှိနိုင်သည်။<br>*Note: cRS apply varied sizes*<br>*မှတ်ရန် - ရခိုင်ပြည်နယ် အလယ်ပိုင်းတွင် အရွယ်အစားအမျိုးမျိုး တွေ့နိုင်သည်။*<br><br>"Makeshift shelter" at Kayah State<br>ကချင်ပြည်နယ်ရှိ ဖြစ်သလို ဆောက်ထားသော နေထိုင်စရာ | Single HH unit: 10'x 10' + 6'x 10' kitchen*<br>* Dimension applied in Kachin/nSS region<br>လုံးချင်း - ၁၀' x ၁၀' + ၆' x ၁၀' မီးဖိုဆောင်*<br>*ကချင်နှင့် ရှမ်းမြောက်တို့တွင် ရှိတတ် သော အတိုင်းအတာ |
| | | | | Five HH units: 10'x 50' + 6'x 50' kitchen*<br>* Dimension applied in Kachin/nSS region<br>၅ ခန်းတွဲ - ၁၀' x ၅၀' + ၆' x ၅၀' မီးဖိုဆောင်*<br>*ကချင်နှင့် ရှမ်းမြောက်တို့တွင် ရှိတတ် သော အတိုင်းအတာ |
| | | | | Eight HH units: 10'x 80' + 6'x 80' kitchen*<br>* Dimension applied in Kachin/nSS region<br>၈ ခန်းတွဲ - ၁၀' x ၈၀' + ၆' x ၈၀' မီးဖိုဆောင်*<br>*ကချင်နှင့် ရှမ်းမြောက်တို့တွင် ရှိတတ် သော အတိုင်းအတာ |
| | | | | Ten HH units: 10'x 100' + 6'x 100' kitchen*<br>* Dimension applied in Kachin/nSS region<br>၁၀ ခန်းတွဲ - ၁၀' x ၁၀၀' + ၆' x ၁၀၀' မီးဖိုဆောင်*<br>*ကချင်နှင့် ရှမ်းမြောက်တို့တွင် ရှိတတ် သော အတိုင်းအတာ |

| | Response phase and definition<br>တုန့်ပြန်မှုအဆင့်နှင့်<br>အဓိပ္ပာယ်ဖွင့်ဆိုချက် | # | Shelter type and definition<br>နေထိုင်စရာနေရာ အမျိုးအစားနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် | Shelter Sub-type<br>နေထိုင်စရာ ဒုတိယအမျိုးအစား |
|---|---|---|---|---|
| Mid-term **အလယ်အလတ်ကာလ** | Transitional type of shelter (**from 1,5 years to 5 years**) that are made with materials and techniques that are designed to transition into more permanent structures. The shelter should be upgradeable, reusable, resaleable or moveable from temporary sites to permanent locations.<br>ကြားကာလနေထိုင်စရာ (တစ်နှစ်ခွဲမှ ၅ နှစ်) ဖြစ်၍ ပစ္စည်းများနှင့် နည်းပညာတို့မှာ ပို၍ တည်တံ့သော အဆောက်အဦများအဖြစ်သို့ ပြောင်းလဲနိုင်အောင် ဒီဇိုင်းဆွဲသည်။ နေထိုင်စရာများသည် အဆင့်မြှင့်နိုင်၊ ပြန်လည်အသုံးပြုနိုင်၊ ပြန်လည်ရောင်းချနိုင် သို့မဟုတ် ယာယီနေရာမှ အတည်နေရာသို့ ရွှေ့ပြောင်းနိုင်သင့်သည်။ | 3 | ***Longhouse shelter (LHS):** It is built with timber or metal frame, depending upon market availability, concrete footing, roofing of CGI or thatches of nipa palm, bamboo or plywood wall, and timber or plywood floor, usually with an internal partition.<br>တန်းလျားရှည် - ဈေးကွက်တွင် ရနိုင်မှုကိုလိုက်၍ သစ် သို့မဟုတ်သတ္တု အမာခံဘောင်များဖြင့် ဆောက်လုပ်ထားပြီး အုတ်ဖိနပ်၊ သွပ် သို့မဟုတ် ဓနိ သက်ကယ်မိုး၊ ဝါး သို့မဟုတ် အထပ်သားနံရံ နှင့် သစ် သို့မဟုတ် အထပ်သားခင်း ပြီး အများအားဖြင့် အခန်းကန့်ထားသည်။<br><br>"Longhouse shelter" at Kachin State ကချင်ပြည်နယ်ရှိ တန်းလျားရှည်<br><br>"Longhouse shelter" at cRS ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ တန်းလျားရှည်<br>* The term "barrack" was replaced by "longhouse" according to sensitivity with the military armed forces in Rakhine State<br>ရခိုင်ပြည်နယ်တွင် စစ်တပ်၏ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆက်နွယ်မှုအပေါ် ထိရှိလွယ်မှုကြောင့် *"barrack" ဟူသော စကားလုံးကို "တန်းလျားရှည်" ဟူသော စကားလုံးဖြင့် အစားထိုးသည်။ | 1 to7 HH units: 11'x18' + 8'x 11' kitchen*<br>အိမ်ထောင်စု ၁ စုမှ ၇ စု - ၁၁'x ၁၈' + ၈'x ၁၁' မီးဖိုဆောင်*<br>*Dimension applied in Kachin/nSS region<br>*ကချင် နှင့် ရှမ်းမြောက်တွင် တွေ့ရသည့် အတိုင်းအတာ<br>Note: cRS doesn't apply single units.<br>မှတ်ရန် - လုံးချင်းအိမ်မှာ ရခိုင်ပြည်နယ် အလယ်ပိုင်းတွင် မတွေ့ရပါ။<br>8 to 9 HH: 15'x18'+ 8'x11' kitchen*<br>အိမ်ထောင်စု ၈ စုမှ ၉စု - ၁၅'x ၁၈' + ၈'x ၁၁' မီးဖိုဆောင်<br><br>8 to 10 HH: 30' x 45'**<br>အိမ်ထောင်စု ၈ စုမှ ၁၀ စု - ၃၀'x ၄၅'<br><br>*Dimension applied in Kachin/nSS region<br>*ကချင် နှင့် ရှမ်းမြောက်တွင် တွေ့ရသည့် အတိုင်းအတာ<br>**Dimension applied in cRS region<br>**ရခိုင်ပြည်နယ် အလယ်ပိုင်းတွင် တွေ့ရသည့် အတိုင်းအတာ |

<table>
<tr><th></th><th>Response phase and definition<br>တုန့်ပြန်မှုအဆင့်နှင့်<br>အဓိပ္ပာယ်ဖွင့်ဆိုချက်</th><th>#</th><th>Shelter type and definition<br>နေထိုင်စရာနေရာ အမျိုးအစားနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်</th><th>Shelter Sub-type<br>နေထိုင်စရာ ဒုတိယအမျိုးအစား</th></tr>
<tr><td rowspan="3">Long-term ကာလရှည်</td><td rowspan="3">It is a solution designed with more permanent and durable solution structures/materials.<br>Over 5 years.<br>ပို၍ တည်တံ့ပြီး ခိုင်မာသော ဖြေရှင်းမှုအတွက် ပုံစံ နှင့် ပစ္စည်းများဖြင့် ဒီဇိုင်းဆွဲထားသည်။<br><u>၅ နှစ်အထက်</u></td><td rowspan="3">4</td><td rowspan="3">*Semi-permanent house-shelter (SPHS):<br>It is a structure built with concrete, timber, brick, CGI, steel component, nail, plywood, concrete footing, bamboo wall, in some cases has an attic, and has internal, partition, as well a kitchen. It's to accommodate from one to ten household.<br>အတော်အတန် ခိုင်မာသော နေထိုင်စရာ -<br>၎င်းကို အင်္ဂတေ၊ သစ်၊ အုတ်၊ သွပ်ပြား။ သံမဏိချောင်း၊ သံချောင်း၊ အထပ်သား၊ အုတ်ဖိနပ်များ၊ ဝါးထရံ တို့ဖြင့် တည်ဆောက်ပြီး အချို့တွင် ထပ်ခိုးပါသည်။ အတွင်းဘက်တွင် အခန်းကန့်၍ မီးဖိုဆောင်ပါရှိသည်။ အိမ်ထောင်စု ၁ စု မှ ၁၀ စုအထိ နေကြသည်။<br><br>“Single semi-permanent house-shelter” at Kachin State<br>ကချင်ပြည်နယ်ရှိ အတော်အတန် ခိုင်မာသော လုံးချင်းအိမ်<br>* The term “Durable Solution Shelter” was replaced by “Semi-permanent shelter-house” because of political sensitivity.<br>“ရေရှည်တည့်တံ့သော ဖြေရှင်းနည်း နေထိုင်စရာ” ဟူသော စကားလုံးကို နိုင်ငံရေးအရ ထိရှလွယ်မှုကြောင့် “အတော်အတန် တည်တံ့သော နေထိုင်စရာအိမ်” ဟူသော စကားလုံးဖြင့် အစားထိုးသည်။</td><td>1 to 7 HH units = 18'x18' + 9’x18’ kitchen*<br>*Dimension applied in Kachin/nSS region<br>လုံးချင်းမှ ၇ ခန်းတွဲအထိ = ၁၈’x၁၈’ + ၉’x၁၈’ မီးဖိုဆောင်*<br>*ကချင်နှင့် ရှမ်းမြောက်တွင် တွေ့ရသည့် အတိုင်းအတာ</td></tr>
<tr><td>8 to 9 HH units = 9'x27'+ 9'x18' kitchen*<br>*Dimension applied in Kachin/nSS region<br>၈ မှ ၉ ခန်းတွဲအထိ = ၁၈’x၂၇’ + ၉’x၁၈’ မီးဖိုဆောင်*<br>*ကချင်နှင့် ရှမ်းမြောက်တွင် တွေ့ရသည့် အတိုင်းအတာ</td></tr>
<tr><td>10 to 14 HH units = 18'x27' + 9' x 18' kitchen or 2 units of 18’x18’+ 9’x18’ kitchen for the family with married couples identifying as 2 families during return*<br>*Dimension applied in Kachin/nSS region<br>၁၀ မှ ၁၄ ခန်းတွဲအထိ = ၁၈’x၂၇’ + ၉’x၁၈’ မီးဖိုဆောင် သို့မဟုတ် နေရပ်ပြန်လာသည့်အခါ* မိသားစု ၂ စုအဖြစ်သတ်မှတ်သည့် အိမ်ထောင်ရှင်မောင်နှံ များအတွက် ၁၈’x၁၈’ ၂ ဆောင်နှင့် ၉’x၁၈’<br>*ကချင်နှင့် ရှမ်းမြောက်တွင် တွေ့ရသည့် အတိုင်းအတာ</td></tr>
</table>

| | | | | |
|---|---|---|---|---|
| | | 5 | **Permanent house-shelter (PHS):** This type of shelter is more common in northern Rakhine State (nRS), also some areas in Kachin/nSS where usually the de facto authorities is promoting and supporting a relocation of a household or a group of households. It is built with concrete, timber, brick, CGI, steel component, nail, plywood, concrete footing with internal partition and a kitchen.<br>ရေရှည်တည်တံ့သော နေထိုင်စရာ - ဤအမျိုးအစားမှာ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ပို၍ တွေ့ရသည်။ ကချင် နှင့် ရှမ်းမြောက် အချို့နယ်မြေများတွင်လည်း ရှိသည်။ အများအားဖြင့် အစိုးရက နေအိမ်တစ်လုံး သို့မဟုတ် အိမ်စု တစ်စုကို ရွှေ့ပြောင်းရန် တိုက်တွန်း ပံ့ပိုးပေးသည့်အခါ ဖြစ်သည်။ ၎င်းကို အင်္ဂတေ၊ သစ်၊ အုတ်၊ သွပ်ပြား။ သံမဏိချောင်း၊ သံချောင်း၊ အထပ်သား၊ အုတ်ဖိနပ်များနှင့် တည်ဆောက်ပြီး အတွင်းဘက်တွင် အခန်းကန့်၍ မီးဖိုဆောင်ပါရှိသည်။<br><br>"Permanent house-shelter" at Northern Rakhine State | Single HH unit: 27'x27'*<br>* Dimension applied in nRS.<br><br>လုံးချင်း - ၂၇' x ၂၇'<br>*ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ရှိတတ်သော အတိုင်းအတာ |

## Category 4: Geographic context - Consolidated results
## အမျိုးအစား (၄) - ပထဝီဒေသဆိုင်ရာ နောက်ခံအခြေအနေ - စုစည်းရလဒ်များ

| # | Type of geographic context<br>ပထဝီဒေသဆိုင်ရာ နောက်ခံအခြေအနေ အမျိုးအစားများ | Definition အဓိပ္ပာယ် သတ်မှတ်ချက် |
|---|---|---|
| 1 | Urban<br>မြို့ပြ | It is a settlement that has access to public services such as water, electricity, roads, schools, hospitals, health care, and transportation.<br>ရေ၊ လျှပ်စစ်မီး၊ လမ်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ကျန်းမာရေးစောင့်ရှောက်မှု နှင့် သယ်ယူပို့ဆောင်ရေးစသည့် အများပြည်သူအတွက် အခြေခံဝန်ဆောင်မှုများကို လက်လှမ်းမီ ရယူနိုင်သည့် အခြေချနေထိုင်ရာနေရာဖြစ်သည်။ |
| 2 | **Peri-urban**<br>ဆင်ခြေဖုံး | It is a settlement that has access to public infrastructures such as water, electricity, and roads, but partially access to schools, hospitals, health care, and transportation.<br>ရေ၊ လျှပ်စစ်မီး၊ လမ်းများ၊ စသည့် အများပြည်သူအတွက် အခြေခံအဆောက်အဦများကို လက်လှမ်းမီ ရယူနိုင်သည့် အခြေချနေထိုင်ရာနေရာများဖြစ်သည်။ သို့သော် စာသင်ကျောင်းများ၊ ဆေးရုံများ၊ ကျန်းမာရေးစောင့်ရှောက်မှု နှင့် သယ်ယူပို့ဆောင်ရေး တို့ကို တစ်စိတ်တစ်ပိုင်းအားဖြင့်သာ လက်လှမ်းမီ ရယူနိုင်သည်။ |
| 3 | **Rural**<br>ကျေးလက် | In the rural context, the settlement could have or not have access to public infrastructures such as water, electricity, roads, schools, hospitals, health care, and transportation.<br>ကျေးလက် နောက်ခံအခြေအနေတွင် အခြေချနေထိုင်ရာနေရာများသည် ရေ၊ လျှပ်စစ်မီး၊ လမ်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ကျန်းမာရေးစောင့်ရှောက်မှု နှင့် သယ်ယူပို့ဆောင်ရေး စသည့် အများပြည်သူအတွက် အခြေခံ အဆောက်အဦများကို လက်လှမ်းမီ ရယူနိုင်ခြင်း ရှိနိုင်သည်။ သို့မဟုတ် လက်လှမ်းမီ မရယူနိုင်ခြင်း ဖြစ်နိုင်သည်။ |
| 4 | **Hidden**<br>ပုန်းကွယ်နေထိုင်ရခြင်း | In the hidden context, IDPs are fleeing from a conflict, located where they can be away from new attacks, such as into the jungle, caves and so on. There is no access to public services such as water, electricity, roads, schools, hospitals, health care, and transportation.<br>ပုန်းကွယ်နေထိုင်ရသည့် နောက်ခံအခြေအနေတွင် နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများသည် ပဋိပက္ခကြောင့် ထွက်ပြေးရပြီး နောက်ထပ်တိုက်ခိုက်မှုများမှ ဝေးနိုင်မည့် သစ်တောများ၊ ဂူများ စသည့်နေရာများတွင် နေထိုင်ရသည်။ ရေ၊ လျှပ်စစ်မီး၊ လမ်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ကျန်းမာရေး စောင့်ရှောက်မှု နှင့် သယ်ယူပို့ဆောင်ရေး စသည့် အများပြည်သူအတွက် အခြေခံဝန်ဆောင်မှုများကို လက်လှမ်းမီ ရယူနိုင်ခြင်း မရှိပါ။ |

## Category 5: Settlement Access - Consolidated results
## အမျိုးအစား (၅) - အခြေချနေထိုင်ရာနေရာများသို့ ရောက်ရှိနိုင်မှု

| # | Type of Access<br>ရောက်ရှိနိုင်မှု အမျိုးအစားများ | Definition<br>အဓိပ္ပာယ် သတ်မှတ်ချက် |
|---|---|---|
| 1 | **De facto authorities controlled área**<br>အစိုးရထိန်းချုပ်မှုရှိသော နယ်မြေ | To access the settlement, a prior official authorization from State Administrative Council (SAC) is necessary such as a letter.<br>အခြေချနေထိုင်ရာနေရာများသို့ ရောက်ရှိနိုင်ရန် စစ်ကောင်စီထံမှ စာရွက်စာတမ်း စသည်ဖြင့် တရားဝင် ကြိုတင်ခွင့်ပြုချက် လိုအပ်သည်။ |
| 2 | **Non-de facto authorities controlled area**<br>အစိုးရထိန်းချုပ်မှု မရှိသော နယ်မြေ | To access the settlement is necessary Informal prior authorization from local authorities such as phone call, email.<br>အခြေချနေထိုင်ရာနေရာများသို့ ရောက်ရှိနိုင်ရန် ဒေသ အာဏာပိုင်များထံမှ ဖုန်း၊ အီးမေးလ် စသည်တို့ဖြင့် အလွတ်သဘော ကြိုတင်ခွင့်ပြုချက် လိုအပ်သည်။ |
| 3 | **Contested áreas**<br>ရောထွေးနေသော နယ်မြေ | A settlement with multiple armed actors (de facto authorities or non- de facto authorities) operating/contesting to have control. Therefore, to access it is necessary to have informal prior authorization such as phone calls, and email. This may challenge humanitarian actors with whom to liaise.<br>(အစိုးရ သို့မဟုတ် အစိုးရ မဟုတ်သော) လက်နက်ကိုင်တပ်ဖွဲ့ အမျိုးမျိုး ရောထွေး၊ လှုပ်ရှားနေကြသော အခြေချ နေထိုင်ရာနေရာများ။ ထို့ကြောင့် ရောက်ရှိနိုင်ရန် ဖုန်း၊ အီးမေးလ် စသည်တို့ဖြင့် အလွတ် သဘော ကြိုတင်ခွင့်ပြုချက် လိုအပ်သည်။ ဤသည်မှာ လူသားချင်းစာနာမှုဆောင်ရွက်သူများအဖို့ မည်သူတို့နှင့် ဆက်သွယ်ဆောင်ရွက်ရမည်ကို သိရှိရန် စိန်ခေါ်မှု ဖြစ်နိုင်သည်။ |